ညောင်ပင်သာကျေးရွာ
ညောင်ပင်သာကျေးရွာအုပ်စု၊ဆင်ဘိုမြို့
မြစ်ကြီးနားမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ညောင်ပင်သာကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တာဘာလ၊ ၂၀၂၀

## မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ၆

(ခ) မွေးမြူရေးလုပ်ငန်း ၇

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၇

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၇

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၈

(ခ ) ကျေးရွာမီးလင်းရေး ၈

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၈

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၀

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၁

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၃

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၅၇

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၆၂


ဧရာဝတီမြစ်
E


ရာသီခွင်ပြက္ခဒိန်
စဉ်
အကြောင်းအရာ
ဇန်
ဖေ
မတ်
ဧပြီ
မေ
ဇွန်
ဇူလိုင်
ဩဂုတ်
စက်တင်ဘာ
အောက်တိုဘာ
နိုဝင်ဘာ
ဒီဇင်ဘာ
၁ ရာသီဥတု
၂ အလုပ်အကိုင်
၃ ရေရရှိမှု
၄ ဝင်ငွေရရှိမှု
၅ ရောဂါ (လူ)
၆ ရောဂါ (တိရစ္ဆာန်)
၇ သီးနှံရောဂါ
၉ သဘာဝဘေးအန္တရာယ်
၁၀ ပျော်ပွဲရွှင်ပွဲ


ကျေးရွာချိတ်ဆက်ပုံ
အုပ်ချုပ်ရေးမှူး
EEI
UNDP

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ညောင်ပင်သာကျေးရွာသည် မြစ်ကြီးနားမြို့နယ်၊ ဆင်ဘိုမြို့၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင်တည်ရှိသည်။ ကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးရွာဖြစ်ပြီး မြစ်ကြီးနား–ဆင်ဘိုသွားရာ ရေကြောင်းလမ်းပေါ်တွင်တည်ရှိပြီး မြစ်ကြီးနားမြို့မှ ညောင်ပင်သာ ကျေးရွာထိ ရေလမ်း(၇၁)မိုင်ခန့်ရှိပြီး ညောင်ပင်သာမှ ဆင်ဘိုသို့ (၁၃) မိုင်ခန့်ရှိသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မအသင့်အတင့်ရရှိသည်။ သဘာဝအရင်းအမြစ်များအနေဖြင့်ဓါတ်ငွေ့၊ရေနံ၊ ကျောက်မျက်နှင့် အခြားတွင်းထွက်သယံဇာတများမရှိသော်လည်း ဧရာဝတီမြစ်အတွင်းတွင်အခြားဒေသ များမှ လာရောက်ရွှေကျင်သူအနည်းငယ်ရှိသည်။ကျောက်၊သဲ၊ကျောက်စရစ်များကိုရွာမှ(၆)မိုင်ဝေးသော နေရာတွင်ရရှိနိုင်ပြီးအသုံးပြုရန်ခက်ခဲသည်။သဘာဝအပင်မျိုးစိတ်များအနေဖြင့် ကြိမ်၊ဝါး၊တောသစ်ခွနှင့် ဆေးဘက်ဝင်အပင်များစွာထွက်ရှိပြီး ဂျီ၊ ဆတ်၊ တောဝက်၊ ပြောင်၊ဒေါင်း စသည်တို့ ကျန်ရှိနေသေးသည်။ စိုက်ပျိုးမြေကေစုစုပေါင်း (၁၂၅၆) ကေရှိပြီး စပါး၊ ပြောင်း ၊မြေထောက် နှင့်နှမ်းများစိုက်ပျိုးသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ညောင်ပင်သာကျေးရွာတွင်းရှိ လူထုအဖွဲ့အစည်း(၇)ဖွဲ့ရှိပြီး သာရေး/နာရေး,လူမှုဖွံ့ဖြိုးရေးကို အခြေခံသောအဖွဲ့(၁)ဖွဲ့နှင့် သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကို အခြေခံသောအဖွဲ့(၂)ဖွဲ့နှင့် သာရေး/နာရေး လူမှုဖွံ့ဖြိုးရေး၊လုံခြုံရေးနှင့် ကာကွယ်ရေးကို အခြေခံသောအဖွဲ့(၁)ဖွဲ့၊ ပညာရေးသီးသန့်လုပ်ကိုင်သော အဖွဲ့(၁)ဖွဲ့၊ဘာသာရေးသီးသန့်လုပ်ကိုင်သော အဖွဲ့(၁)ဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့(၁)ဖွဲ့ တို့ဖြစ်ပါသည်။၎င်းအဖွဲ့ များတွင် အရန်မီးသတ်အဖွဲ့မှာ စွမ်းဆောင်နိုင်မှုညံ့ပြီး ပေါ်ခိန်၊မယ်ခိန်၊ကြက်ခြေနီနှင့် ရပ်မိရပ်ဖအဖွဲ့ များသည် စွမ်းဆောင်ရည်ကောင်းပြီး ကျန်အဖွဲ့များမှာ စွမ်းဆောင်ရည်အသင့်အတင့်သာရှိသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်သော ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအနေဖြင့် UNDP အဖွဲ့အစည်းမှ ထောက်ပံ့၍ စပါးဘဏ်ဖွင့်လှစ်မှုရှိခဲ့ပြီး ယခုအချိန်တွင် စပါးဘဏ်မှ အရင်း/အတိုးပျောက် သွားပြီ ဖြစ်သည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် ၁၂.၅ကေအထက် တောင်သူကြီး (၆၃) အိမ်ထောင်စု၊ ၁၂.၅ကေနှင့် ၅ကေကြား တောင်သူလတ် (၄၅) အိမ်ထောင်စု နှင့် ၅ကေမှ၂.၅ကေကြား တောင်သူငယ် ၁၀ဦး နှင့် ၂.၅ကေအောက် ဆင်းရဲသားတောင်သူ ၄ဦး နှင့် မြေယာမဲ့ ၃၀ဦးရှိသည်။ အဓိကအားဖြင့် စပါး၊ ပြောင်း၊မြေထောက်ပဲ တို့ကို အားကိုးစိုက်ပျိုးကြသည်။ မြေဆီလွှာအရည်အသွေးညံ့သောကြောင့် ဓါတ်မြေသြဇာများသုံးစွဲရပြီး စပါးအထွက်နှုန်းနည်းသည်။

ကျေးရွာတွင် အဓိကစိုက်ပျိုးသော သီးနှံမှာစပါး စိုက်ကေပေါင်း(၅၇၅)ကေရှိပြီး ဇွန်လတွင်စတင် စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။အနည်းဆုံးထွက်နှုန်းမှာ တကေတင်း၁၅မှအများဆုံး တင်း၃၀နှင့် ပျမ်းမျှ၂၅တင်းနှုန်း ထွက်သည်။ပြောင်းစိုက်ကေပေါင်း(၈၅၀)ကေခန့်ရှိပြီး ဇွန်မှအောက်တို ဘာလအထိစိုက်ပျိုး ရိတ်သိမ်းကြသည်။ အနည်းဆုံး ထွက်နှုန်းမှာ တကေ တင်း ၁၀မှ အများဆုံး တင်း

၄၀နှင့် ပျမ်းမျှ ၃၀တင်းနှုန်း ထွက်သည်။ ကျေးရွာတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက် ၁စင်း၊လက်တွန်း ထွန်စက်၇၈စင်း၊ရိတ်သိမ်းစက်၁ စင်း၊ ခြွေလှေ့စက် ၃ စင်း၊ရေစုပ်စက် ၆ စင်းနှင့် မြက်ရိတ်စက် ၈၄ခုရှိပြီး ထွန်စက်ငှားရမ်းအသုံးပြုပါက ၁ဧက ထွန်/ထယ်၄၅၀၀၀နှုန်းပေးကြရသည်။ ခြွေလှေ့စက်ငှားရမ်းခမှာလည်းစပါးတင်း၁၀၀လျှင် ၅တင်းနှုန်း ပေးကြရသည်။ပြောင်းခြွေရာတွင် ၁တင်း ၃၀၀နှုန်း ပေးရသည်။ ထွန်စက်မငှားရမ်းသူများသည် မိမိတို့ကိုယ်ပိုင်နွားများဖြင့်လည်း ထွန်ကြသည်။ ကျေးရွာတွင် စက်မှုလယ်ယာမှ အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော လက်တွန်းထွန်စက်များကို နှစ်စဉ် ဝယ်ယူနိုင်သည်။

သီးနှံမျိုးစေ့များကို ဝယ်ယူရရှိနိုင်သော်လည်း မျိုးကောင်း/မျိုးသန့်များကို မရရှိနိုင်ကြပါ။သဘာဝ မြေဆွေး၊အော်ဂဲနစ်မြေသြဇာများကို ဝယ်ယူရရှိရန် ခက်ခဲသည်။သီးနှံများကို ရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။သီးနှံဖျက်ပိုး အသင့်အတင့် ကျရောက်သည်။နည်းပညာ ဝန်ဆောင်မှုများလည်း မရှိပါ။ ထို့ကြောင့် သီးနှံအထွက်နှုန်း တိုးစေရန်အတွက် ဆည်မြောင်းများ ပြုလုပ်ပေးခြင်း၊ဘက်စုံစိုက်ပျိုးရေးသင်တန်းများနှင့် လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျ ရောင်းချပေးမည် ဆိုပါကစိုက်ပျိုးရေးတွင် သီးနှံအထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များရရှိ လာနိုင်ပါမည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားကို ၅၂ အိမ် မှ ၃၇၁ကောင်၊ ကျွဲကို ၅၉ အိမ်မှ ၄၁၄ ကောင်၊ ဝက်ကို ၄၆အိမ်မှ ၈၈ ကောင်၊ ကြက်ကို ၈၃ အိမ်မှ ၆၃၈ ကောင် နှင့် ဘဲကို ၂ အိမ် မှ ၉ကောင်တို့ မွေးမြူကြသည်။

ကျေးရွာတစ်ရွာလုံးအိမ်တိုင်း နီးပါးမွေးမြူကြသော်လည်း စီးပွားဖြစ်မွေးမြူသော အိမ်ထောင်စု မရှိပါ။ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမရှိသော်လည်း ဧရာဝတီမြစ်အတွင်းတွင် ဖမ်းယူစားသောက်ကြသည်။

## (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းများမှာကြိမ်ခုတ်ခြင်း သစ်ခွရှာခြင်းလုပ်ငန်းများသာလုပ်ကိုင်ကြသည်။ ကုန်ချောထုတ်လုပ်နိုင်သော နည်းပညာမရှိခြင်းကြောင့် ကုန်ကြမ်းအဖြစ်သာ ခုတ်၍ ရောင်းကြသည်။ စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းနည်း ပညာနှင့် အသေးစား/အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရရှိခြင်း၊အလုပ် နှင့် လိုက်လျောညီထွေသော အတတ်ပညာများ လုံးဝတတ်မြောက်ခြင်းမရှိခြင်းတို့ကြောင့် လုပ်သား အင်အားရှားပါးသည်။ ဈေးကွက်မရှိခြင်းကြောင့် ဈေးကွက်ဆိုင်ရာ အသိအမြင်များလည်း လုံးဝ နားမလည်ပါ။ထို့ကြောင့်အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုအနေဖြင့်စိုက်ဘဏ်ချေးငွေရရှိပြီး ကာလတိုချေးငွေဖြစ်ကာ အတိုးနှုန်း(၁.၅)နှုန်းဖြင့် ပုံစံ(၇)ရှိသူများသာ ချေးယူနိုင်သည်။ သမဝါယမချေးငွေရရှိပြီးကာလတိုချေးငွေ ဖြစ်ကာ အတိုးနှုန်း ၂ ကျပ်ပေးရပြီး အပေါင်ခံပစ္စည်းမလိုအပ်ပါ။

မြစိမ်းရောင်ချေးငွေရရှိပြီး အတိုးနှုန်း(၁.၅)နှုန်းဖြင့် အပေါင်ခံပစ္စည်း မလိုအပ်ပဲ ချေးယူနိုင်သည်။အရေးပေါ်ငွေလိုအပ်ပါက ဆွေမျိုးများထံတွင်လည်းချေးယူကြသည်။ ကာလတိုချေးငွေများသာဖြစ်သောကြောင့် အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများ ချမှတ်ပေးရန် တင်ပြကြသည်။

### ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ ၅၄စင်း ၊စက်လှေ ၁စင်း ၊စက်ဘီး ၂၇ စင်း၊မော်တော်ဆိုင်ကယ် ၆၆စီး၊ ထော်လာဂျီ ၃စီး၊ကား ၁စီးနှင့်နွားလှည်း၉၈စီးရှိသည်။ သယ်ယူပို့ဆောင်ရေးယာဉ်မျိုးစုံရှိသော်လည်း ရေကြောင်းကိုသာ အဓိကထားအသုံးပြုကြသည်။ ရေလမ်းခရီးသာရှိသောကြောင့် အချိန်မရွေးအရေးပေါ်သွားလာရန် လိုအပ်ပါကအခက်အခဲရှိသည်။

ကျေးရွာတွင်းလမ်းများမှာမြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးအသုံးပြုနေရသော်လည်းမိုးတွင်းအချိန်တွင် ဗွက်များ၊ချိုင့်များဖြင့် သွားလာရ အလွန်ခက်ခဲလျက်ရှိပါသည်။ ရွာချင်းဆက်လမ်းမှာ လည်း မြေသားလမ်းဖြစ်ကာ ပွင့်လင်းရာသီတွင်သာအသုံးပြုနိုင်ပြီး မိုးတွင်းအချိန်တွင် ဗွက်များထူသောကြောင့် သွားလာ၍မရဘဲ နွေရာသီအချိန်တွင်လည်း ဖုန်ထသောကြောင့် သွားလာရအဆင်မပြေမှုများ ရှိသည်။ ထို့ကြောင့်ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း၊ ရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်းနှင့်ရွာချင်းဆက်လမ်းပေါ်တွင် တံတားများ ဆောက်လုပ်ပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင်တံတားအသုံးပြုမှုအနေဖြင့်သစ်သားတံတား(၃)စင်းရှိပြီး ရေကြီးမှုကြောင့် တံတား (၂)စင်းမှာ လုံးဝသုံးစွဲမရအောင်ပျက်စီးနေပြီး တံတား( ၁ )စင်းကိုသာ အသုံးပြုနေကြရသည်။ ထို့ကြောင့် တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရန် အထူးလိုအပ်သည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရသေးသောကြောင့် ဆိုလာမီးကိုသာ အသုံးပြုနေကြရပြီး ဆိုလာ အသုံးပြုသူ(၁၄၃)အိမ်ရှိသည်။ဘက်ထရီအသုံးပြုသော အိမ်(၅)အိမ်ထောင်စုရှိသည်။ဖယောင်းတိုင် အသုံးပြုသော အိမ်ထောင်စု(၂)စုရှိသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု (၃)စုရှိပါသည်။ ဆိုလာ စနစ်သုံးစွဲသူ ၁၄၃ အိမ်ထောင်စုရှိပြီး ရာသီဥတုမကောင်းပါက အားမပြည့်ပါ။စာကြည့်မီးအတွက်သာ သုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြုမရနိုင်သောကြောင့် အခက်အခဲများရှိသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ရေဒီယို၊တီဗွီနှင့် ဂြိုလ်တု စလောင်း စသည်တို့မှ ရရှိပါသည်။ သို့သော် MPT,Telenor နှင့် CDMA လိုင်းမိသော်လည်း ဆက်သွယ်ရေးတိုင်များမှာ ဆင်ဘိုမြို့တွင်သာရှိသောကြောင့် လိုင်းမကောင်းပါ။

### ၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)အဆင့်သာရှိပြီး ကျောင်းဆောင်(၂)ဆောင်ရှိကာ နှစ်ထပ်ပျဉ်ထောင်ကျောင်းဆောင်နှင့် ထရံကာကျောင်းဆောင် ဖြစ်သည်။ထရံကာကျောင်းဆောင်မှာ ကိုယ်ထူကိုယ်ထကျောင်းဆောင်ဖြစ်ပြီး အသင့်အတင့်ကောင်းမွန်နေသည်။ နှစ်ထပ်ပျဉ်ထောင်ကျောင်းဆောင်မှာ

ကြမ်းခင်းပျဉ်များပေါက်နေပြီး ပြုပြင်ရန်လိုအပ်နေသည်။ ထို့ပြင် ကျောင်းသုံး ပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာလုံလောက်မှုမရှိ၍ ကျား/မခွဲထားခြင်းမရှိပါ။ အာဟာရတိုက်ကျွေးမှု မရှိပါ။အစိုးရခန့်ဆရာမ(၉)ဦးနှင့် ကျေးရွာခန့်ဆရာမ(၂)ဦးရှိပါသည်။ကျေးရွာခန့် ဆရာမ(၂)ဦးတွင် (၁)ဦး မှာအစိုးရမှခန့်အပ်သည့် နေ့စားလပေးဆရာမ(၁)ဦး ဖြစ်သည်။လစာကိုတစ်လလျှင် ၃၀၀၀၀ကျပ် ပေးပြီး ကျေးရွာရန်ပုံငွေမှ ပေးခြင်းဖြစ်သည်။ ကျောင်းဆရာ/ဆရာမ ၄၀း၁ အောက်ရှိသော်လည်း ဘာသာရပ်ပြ ဆရာ/မ လုံလောက်မှုမရှိပါ။ မူလတန်းကျောင်းထွက်နှုန်းမရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ လုံလောက်မှုမရှိပါ။မသန်စွမ်းသူများအတွက် ပညာရေးအထူး အစီအစဉ်မရှိပါ။ဆင်းရဲ သော မိသားစုများသည် အလယ်တန်းကျောင်းပြီးသော်လည်း အထက်တန်း ကျောင်းကို ဆင်ဘိုမြို့တွင် သွားရောက်တက်ကြရ၍ ကျောင်းစရိတ်မတတ်နိုင်မှုမြင့်သည်။ ကျောင်းအား ကစားပစ္စည်းများ လက်လှမ်းမီမှုလည်း မရှိပါ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း အသင့်အတင့် ရှိသည်။

စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ(၄၀.၂၆)ရာခိုင်နှုန်းအထိ များပြားခြင်းနှင့်အလယ်တန်း အဆင့် စာတတ်မြောက်သည့် လူဦးရေမှာ(၂၈.၈)ရာခိုင်နှုန်း၊ အထက်တန်းအဆင့် တတ်မြောက်သူ(၉.၂)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်ထိ စာတတ်မြောက်သူ(၀.၆၄)ရာခိုင်နှုန်းရှိသဖြင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှု နှုန်းမှာ အလွန်နည်းကြောင်းတွေ့ရှိရပြီး ကျေးရွာ၏ လူဦးရေ ရာခိုင်နှုန်းထက်ဝက်ကျော်မက စာတတ် မြောက်ကြသဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်စေ ပါသည်။

### ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်ကာကွယ်ဆေးများကို ကျန်းမာရေးဌာနမှ မပျက်မကွက် ပုံမှန်ထိုးပေးလေ့ရှိသည်။ ကျန်းမာရေးဝန်ဆောင်မှုများကို ရွာရှိကျေးလက် ကျန်းမာရေးဌာနခွဲတွင် သွားရောက်ကုသကြသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကျန်းမာရေးဆရာမ(၂)ဦးရှိသောကြောင့် ကျန်းမာရေးဝန်ဆောင်မှုရရှိ ကြသည်။ဝန်ဆောင်မှုရရှိကြသော်လည်း မလုံလောက်သော်ကြောင့် ကျွမ်းကျင်ဆရာ/မများ ဖြည့်ဆည်း ပေးရန်အထူးလိုအပ်ပါကြောင်းတွေ့ရှိရပါသည်။ အရေးပေါ်အခြေအနေဖြစ်ပါက ဆင်ဘိုမြို့နယ်ဆေးရုံသို့ ပို့ဆောင်ရပါသည်။လူနာပို့ဆောင်ရာတွင် ရေလမ်းခရီးသာရှိသောကြောင့် အခက်အခဲများနှင့် နှစ်စဉ် ရင်ဆိုင်နေရပါသည်။ကျေးရွာအတွင်း ကျွမ်းကျင်ဆေးဝါးရောင်းချသော ဆေးဆိုင်များမရှိပါသဖြင့် ကုန်စုံ ဆိုင်များသာအနည်းငယ်ရောင်းချကြသည်ကိုတွေ့ရှိရပါသည်။အဖြစ်များသော ရောဂါများမရှိသော်လည်း ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရေတွင်း(၅)တွင်းရှိပြီး (၁၅၂)အိမ်ထောင်စု အသုံးပြုကြသည်။(၂)တွင်းမှာ ပူပြင်း ခြောက်သွေ့သောအချိန်တွင် ခမ်းခြောက်ပြီး အသုံးပြုနိုင်ခြင်းမရှိပါ။ ရေအရည်အသွေး စစ်ဆေးထားခြင်း လည်းမရှိပါ။ထို့ကြောင့် ရေတွင်းစက်ရေတွင်း ဆောင်ရွက်လိုကြသည်ကို တင်ပြကြသည်။ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာအနေဖြင့် ရေလောင်းယင်လုံအိမ်သာကို ၁၅၂ အိမ်ထောင်စု သုံးစွဲကြ ပါသည်။သန့်ရှင်းမှုလည်း စနစ်တကျ သုံးစွဲကြသည်ကို တွေ့ရှိကြပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ညောင်ပင်သာကျေးရွာတွင် မိုးများသည့် ကာလများတွင် မြစ်ရေနှင့် ချောင်းရေများတက်လာပြီး လယ်များတွင်ရေမြုပ်မှုများ ဖြစ်ပွားသောကြောင့် စပါးပျက်စီးမှုများ အနည်းငယ်ရှိပါသည်။ နှစ်စဉ်ကမ်းပြိုခြင်းများနှင့် ဦးပိုင်သိမ်းဆည်းသော မြေကေများရှိသောကြောင့် စိုက်ပျိုးမြေများ ချဲ့ထွင်နိုင်ခြင်းမရှိပါ။ ဧရာဝတီမြစ် ရေကြီးခြင်းကြောင့် ကျေးရွာတွင်း ရေကြီးမှု ရံဖန်ရံခါ ဖြစ်တတ်သည်။ယခုနှစ်များတွင် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မိုးနောက်ကျခြင်းများ ဖြစ်သည်။နှစ်စဉ်အအေးလွန်ကဲမှုများကြောင့် သီးနှံများ နှင်းခါးရိုက်ခြင်း၊ ရိပုတ်လိုက်ခြင်းများဖြစ်ကာ ဆုံးရှုံးမှုများသည်။ လေပြင်းတိုက်ခိုက်မှုများဖြစ်ပေါ်သောကြောင့် အပင်ကျိုးခြင်း၊ အိမ်သွပ်မိုးများလုန်ခြင်းမှာ နှစ်စဉ်ဖြစ်တတ်သည်။ ငလျင်နှင့် မီးဘေးမှာဖြစ်ပေါ်မှု မရှိသေးသော်လည်း သဘာဝဘေးအန္တရာယ် ဖြစ်သောကြောင့် ဖြစ်ပွားလျှင်ထိခိုက်ဆုံးရှုံးမှုများနိုင်သည်။ မြစ်ကမ်းဘေးတွင် နေထိုင်သောကြောင့် မြေပြိုခြင်းနှင့် မြေဆီလွှာပျက်စီးခြင်းမှာ နှစ်စဉ်ဖြစ်ပွားသည်။ တရားမဝင်သစ်များထုတ်လုပ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်သည်။ ငှက်ဖျားရောဂါဖြစ်ပွားသူများရှိသည်။ တီဘီရောဂါနှင့်ကိုယ်ခံအားကျဆင်းမှုရောဂါဖြစ်ပွားသူအနည်းငယ်ရှိသည်။ တိရစ္ဆာန်ကူးစက်ရောဂါများ ဖြစ်ပွားလေ့ရှိသည်။ လူကုန်ကူးမှုနှင့် ပြည်တွင်းပဋိပက္ခဖြစ်ပွားမှု မရှိပါ။ ရေလမ်းခရီးသာ သွားလာနိုင်ခြင်းကြောင့် ဝေးလံခေါင်သီ / လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ရှိကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအနေဖြင့် မြေဆီဩဇာ အခြေအနေများ အန္တရာယ်ရှိမှု နိမ့်ကျပါသည်။

ကြိမ်ခုတ်ခြင်း၊လူအသုံးဝင်သစ်၊ဆေးဖက်ဝင်အပင်၊သစ်ခွတို့ကို အလွန်အကျွံခူးယူခြင်းတို့ကြောင့် အပင်မျိုးစိတ်များ တဖြည်းဖြည်းရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်တက်လာသည်။

ဧရာဝတီမြစ်အတွင်းတွင် ရွှေကျင်မှုများရှိသဖြင့် ရေအရင်းအမြစ် အန္တရာယ်ရှိမှု၊အလွန်အကျွံဖမ်းယူခြင်းတို့ကြောင့် ငါးမျိုးကွဲများ ငါးမျိုးတုန်းမည့် အန္တရာယ်ရှိမှု၊အခြားတိရစ္ဆာန်မျိုးကွဲများအနေဖြင့်လည်း ထိန်းသိမ်းမှုအားနည်းပြီး စည်းကမ်းမဲ့ ဖမ်းယူစားသောက်ခြင်း၊ ရောင်းချခြင်းများကြောင့် ရှားပါးလာပြီးအန္တရာယ်ရှိမှုနှင့်အမှိုက်များကိုလည်းစည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် စွန့်ပစ်ပစ္စည်းစီမံ ခန့်ခွဲမှုများ မြင့်လာသည်ကို တွေ့ရှိရပါသည်။သီးနှံဖျက်ပိုးအန္တရာယ်ရှိမှု လတ်ဖြစ်ပါသည်။

## ၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ

ညောင်ပင်သာကျေးရွာ၏ကျေးရွာစီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ အမျိုးသမီးများအား အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက် မှုများတွင် ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာ အသိပညာများအားနည်းကြပါသည်။ထို့ကြောင့် စွမ်းဆောင်ရည်မြှင့် သင်တန်းများအိမ်တွင်းအကြမ်းဖက်မှုကာကွယ်ခြင်း ဥပဒေသင်တန်းများ၊ ကာကွယ်စောင့်ရှောက်နည်း သင်တန်းများ၊ ကိုယ်ခံပညာသင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ( ညောင်ပင်သာ ကျေးရွာ )

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ<br>၂။ ကျွမ်းကျင်ဝန်ထမ်းများချပေးရန်<br>၃။ ရှေးဦးပြုစုနည်းသင်တန်းများ | ၆ |
| ၂ | လမ်းတံတားနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၄။ ရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်း<br>၅။ ရွာတွင်းတံတားများတည်ဆောက်ခြင်း<br>၆။ သုသာန်သွားလမ်းအားအဆင့်မြှင့်တင်ခြင်း<br>၇။ ဆက်သွယ်ရေးတာဝါတိုင်များတိုးချဲ့ပေးခြင်း<br>၈။ ရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်း | ၁ |
| ၃ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၉။ ဆရာ/မများလုံလောက်စွာခန့်ထားပေးရန်<br>၁၀။ ပရိဘောဂပစ္စည်းများထောက်ပံ့ပေးခြင်း<br>၁၁။ သင်ထောက်ကူပစ္စည်းများပံ့ပိုးပေးခြင်း<br>၁၂။ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၇ |
| ၄ | သောက်သုံးရေရရှိမှုစီမံကိန်း | ၁၃။ ရေတွင်းတူးဖော်ခြင်း | ၂ |
| ၅ | စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်း | ၁၄။ ဘက်စုံစိုက်ပျိုးရေးနည်းပညာသင်တန်းများ<br>၁၅။ မျိုးကောင်းမျိုးသန့်များရရှိရန်(စပါး/ပြောင်း/ပဲ)<br>၁၆။ တိမွေး/ကုနည်းပညာသင်တန်းများ<br>၁၇။ ဆည်မြောင်းများတူးဖော်ခြင်း<br>၁၈။ စိုက်ပျိုးရေးသီးနှံဈေးကွက်များသတ်မှတ်/ရှာဖွေပေးခြင်း | ၅ |
| ၆ | စိုက်/မွေးမဟုတ်သောအသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁၉။ ဒေသနှင့်ကိုက်ညီသောအသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရန်(စက်မှု/လက်မှု) | ၈ |

| | | | |
|---|---|---|---|
| ၇ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၂၀။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးဟောပြောပွဲ နှင့် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူများအားဥပဒေအရ တင်းကြပ်စွာ အရေးယူရန်<br>၂၁။ စာကြည့်တိုက်ဆောက်လုပ်ခြင်း<br>၂၂။ ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်ပေးခြင်း<br>၂၃။ အားကစားပစ္စည်းများပံ့ပိုးပေးခြင်း<br>၂၄။ စာရင်းကိုင်၊ကွန်ပျူတာ၊အင်္ဂလိပ်စကားပြော၊ခေါင်းဆောင်မှု သင်တန်းများဖွင့်လှစ်ပေးခြင်း<br>၂၅။ အမျိုးသမီးအိမ်တွင်းအကြမ်းဖက်ခြင်းဥပဒေဆိုင်ရာဟောပြောပွဲများ | ၃ |
| ၈ | ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၂၆။ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ | ၉ |
| ၉ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်း | ၂၇။ ရောဝတီမြစ်အတွင်းတရားမဝင်ရွှေကျင်နေသောရွှေဖောင်များ အားအရေးယူဆောင်ရွက်ပေးရန် | ၄ |

နောက်ဆက်တွဲ(၁)

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား)** (ညောင်ပင်သာကျေးရွာ)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၄ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၅ | ၂၉ | ၅၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၂ | ၄၇ | ၈၉ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၂ | ၄၉ | ၁၁၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၄၄ | ၂၄၈ | ၄၉၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၁၀ | ၁၉ |
| **စုစုပေါင်း** | | **၃၈၈** | **၃၈၇** | **၇၇၅** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၁၅၂** | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ **ညောင်ပင်သာ**ကျေးရွာသည် အိမ်ထောင်စု (၁၅၂)စု၊ လူဦးရေ (၇၇၅)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သော နို့စို့အရွယ်တစ်နှစ်အောက်ကလေး (၁၀)ဦး (၁.၂၉%) ၊ ငါးနှစ် အောက်ကလေးအရွယ် (၅၄)ဦး (၆.၉၇%)၊ မူလတန်းကျောင်းသားအရွယ် (၈၉)ဦး (၁၁.၄၈%) ၊ အလယ်တန်းကျောင်းသားအရွယ်(၁၁၁)ဦး(၁၄.၃၂%)၊အလုပ်လုပ်နိုင်သည့်အရွယ် (၄၉၂)ဦး (၆၃.၄၈)% နှင့်သက်ကြီးရွယ်ကြီး(၁၉)ဦး(၂.၄၅%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၆.၅၂%) ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၁)ဦးနှုန်းရှိသောကြောင့် မြန်မာနိုင်ငံ၏ကျေးလက်အိမ်ထောင်စုတစ်အိမ်ထောင်စံနှုန်း (၅) ဦးနှုန်း သာရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်း အမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၄ | ၃၅၂ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၄ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ– လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၅ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား /ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၃ | ၅၆ | ၁၇၃ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | စုစုပေါင်း | ၁၅၁ | ၄၁၆ | ၁၉၁ | ☒ |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင်**"မိသားစုဝင် လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။**"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟုဆိုလို ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ ဝန်ထမ်းပင်စင်စားအိမ်ထောင်စု(၁)စုရှိကာ နတ်ကတော် နှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများ လည်းရှိသည်။ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ တစ်နိုင်တစ်ပိုင် ဈေးဆိုင်ဖွင့်ခြင်း လုပ်ငန်း၊ ကုမ္ပဏီ ဝန်ထမ်း ၊ ရေနံဂျေးထုတ်သူ၊ ဆံပင်ညှပ်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း နှင့် လျှပ်စစ်လုပ်ငန်း လုပ်ကိုင်သူများလည်းရှိသည်။ တိ/ကုကို တွဲဖက်လုပ်ကိုင်သောအိမ်ထောင်စုလည်း (၁) စုရှိသည်။ စိုက်ပျိုးရေးတွင် စပါး၊ပြောင်းနှင့် မြေတောက်ပဲကို အဓိကထားစိုက်ပျိုးကြပြီး အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသောကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ် | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ရေးနှင့်သဘာဝရင်းမြစ်များထုတ် လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေ့စားဝင်ငွေရလုပ်ငန်း ၁ မျိုးသာရှိသည်ကို တွေ့ရသည်။ ၎င်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသာဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးများလုပ်အားခတန်းတူ ရရှိကြသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၅၉၅ | ကောင်း ☐ | သင့်☐ | ညံ့ ☒ |
| ယာမြေ / တောင်ယာမြေ | ၁၀၂၉ | ကောင်း ☐ | သင့်☐ | ညံ့ ☒ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၂၂ | ကောင်း ☐ | သင့်☒ | ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဓနိတောမြေ | – | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | – | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁၇၉ | ကောင်း ☐ သင့်☐ ညံ့ ☒ |
| စုစုပေါင်း | ၁၉၂၅ | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် လယ်မြေဧက ၅၉၅ဧကရှိပြီး မြေဆီလွှာအရည်အသွေးညံ့သော ကြောင့်ဓါတ်မြေဩဇာများသုံးစွဲရပြီး စပါးအထွက်နှုန်းနည်းသည်။ ယာမြေ/တောင်ယာမြေဧက ၁၀၁၆ ဧက၊ မြေလွတ်မြေလပ်၁၈၉ဧကရှိပြီး မြေဆီဩဇာညံ့သည်။ ကိုင်း/ကျွန်းမြေ၁၂၂ဧကနှင့် မြေဆီလွှာ အရည်အသွေးအသင့်အတင့် ကောင်းမွန်သည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။) | များ ☐ သင့် နည်း မရှိ ☒ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☒ နည်း ☐ မရှိ ☐ | လွယ် ☐ခက်☒ အသုံးမပြုနိုင်ပါ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☒ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း☒ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်သာကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ကျောက်မျက်နှင့် အခြားတွင်းထွက်သယံဇာတများမရှိသော်လည်း ရောဝတီမြစ်အတွင်းတွင်အခြား ဒေသများမှ လာရောက်ရွှေကျင်သူ အနည်းငယ်ရှိသည်။ ကျောက်၊သဲ၊ကျောက်စရစ်များကို ရွာမှ (၆) မိုင်ဝေးသောဧရာဝတီမြစ်အတွင်းတွင်ရရှိနိုင်ပြီးအသုံးပြုရန်ခက်ခဲသည်။ သဘာဝအပင်မျိုးစိတ်များအနေဖြင့် ကြိမ်၊ ဝါး၊ တောသစ်ခွနှင့် ဆေးဘက်ဝင်အပင်များစွာထွက်ရှိသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနေဖြင့် ဂျီ ဆတ်၊ တောဝက်၊ ပြောင်၊ ဒေါင်း စသည်တို့သာကျန်ရှိနေသေးသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | ၃၅ကေအထက် | ၃၅ကေမှ၁၁ကေ ကြား | ၁၁ကေအောက် | မြေယာမဲ့ |
| **အိမ်အခြေအနေ** | တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ သံမံတလင်း | သွပ်မိုး၊ပျဉ်ကာ၊ပျဉ် ခင်း၊ ထရံကာ | ရိုးရိုးသွပ်မိုး၊ ထရံကာ၊ | သက်ကယ်မိုး၊ ထရံကာ၊ မြေစိုက် |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | ထွန်စက်၊ ထော်လာဂျီ၊ နွား၊ကျွဲ၊ ကား၊ဆိုင်ကယ် | လက်တွန်းထွန် စက်၊ မြက်ရိတ် စက်၊ ကျွဲ၊ နွား၊ ဆိုင်ကယ် | နွား၊ဆိုင်ကယ် | - |
| **အဓိကစီးပွားရေး လုပ်ငန်း** | ကုန်စုံဆိုင်၊တောင်သူ ကြီး | ဈေးရောင်း၊အိမ်ဆို င်၊ တောင်သူလတ် | တောင်သူငယ်၊ ကျပန်း | ကျပန်း |
| **အိမ်ထောင်စု (၁၆၅)** | **၂၁** | **၆၈** | **၆၀** | **၃** |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ညောင်ပင်သာကျေးရွာတွင် အိမ်ထောင်စု (၁၅၂)စု ရှိပြီး အဆင်ပြေသော အိမ်ထောင်စု နှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ (၅၈.၅၅) ရာခိုင်နှုန်း ရှိပြီး စုစုပေါင်းအိမ်ထောင်စု၏ထက်ဝက်ကျော်ရှိပြီးစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ မပြေလည် သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေးနှင့် ကျပန်းအလုပ် များ လုပ်ကိုင်ကြသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ၁၂<br>လုပ်အားခကြိုယူ = ၈ |

**ရင်းမြစ်..ဥစ္စာဓနအဆင့်"၃"နှင့်"၄"အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူ ခြင်း။ လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အဆင့်(၃) နှင့် အဆင့် (၄) အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း အားစစ်တမ်းကောက်ယူမှုအရ အခြားအစာပြောင်းလဲစားသောအိမ်ထောင်စုများ၊ အစာလျှော့ စားသော အိမ်ထောင်စုများ၊ အထောက်အပံ့ယူသော အိမ်ထောင်စုများမရှိပါ။ ချေးယူသောအိမ်ထောင်စု (၁၂)စု၊ လုပ်အားခ ကြိုယူသော အိမ်ထောင်စု(၈)စုနှင့် ၎င်းအိမ်ထောင်စုများမှ ဈေးဆိုင်၊ ကုန်စုံဆိုင်များတွင် အဟောင်းပေးအသစ်ယူစားသုံးသောအိမ်ထောင်စု (၁၃) စုခန့်ကိုလည်းတွေ့ရှိရသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်သာကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီး ရွယ်အိုများ နှင့်မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိပါ၊ မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၅စုနှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု ၁စု ရှိသည်။၎င်းတို့မှာ နေ့စဉ်နေ့စား အလုပ်များနှင့် လုပ်ကိုင် စားသောက်နေရကြောင်းတွေ့ရှိရပါသည်။

**(င–၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်သာကျေးရွာတွင် မိုးများသည့် ကာလများတွင် မြစ်ရေနှင့် ချောင်းရေများတက်လာပြီး လယ်များတွင်ရေမြုပ်မှုများဖြစ်ပွားသောကြောင့် စပါးပျက်စီးမှုများအနည်းငယ်ရှိပါသည်။နှစ်စဉ်ကမ်းပြိုခြင်းများနှင့် ဦးပိုင်သိမ်းဆည်းသောမြေကေများရှိသောကြောင့် စိုက်ပျိုးမြေများ ချဲ့ထွင်နိုင်ခြင်းမရှိပါ။ ဧရာဝတီမြစ်ရေကြီးခြင်းကြောင့် ကျေးရွာတွင်းရေကြီးမှုရံဖန်ရံခါ ဖြစ်တတ်သည်။ယခုနှစ်များတွင်ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မိုးနောက်ကျခြင်းများဖြစ်သည်။ နှစ်စဉ် အအေးလွန်ကဲမှုများကြောင့်သီးနှံများနှင်းခါးရိုက်ခြင်း၊ရိုပုတ်လိုက်ခြင်းများဖြစ်ကာဆုံးရှုံးမှုများသည်။ လေပြင်းတိုက်ခိုက်မှုများဖြစ်ပေါ်သောကြောင့်အပင်ကျိုးခြင်း၊အိမ်သွပ်မိုးများလုန်ခြင်းမှာ နှစ်စဉ်ဖြစ် တတ်သည်။ ငလျင်နှင့်မီးဘေးမှာ ဖြစ်ပေါ်မှုမရှိသေးသော်လည်း သဘာဝဘေးအန္တရာယ်ဖြစ်သောကြောင့်ဖြစ်ပွားလျှင် ထိခိုက်ဆုံးရှုံးမှုများ နိုင်သည်။မြစ်ကမ်းဘေးတွင် နေထိုင်သောကြောင့် မြေပြိုခြင်းနှင့် မြေဆီလွှာပျက်စီးခြင်းမှာနှစ်စဉ်ဖြစ်ပွားသည်။တရားမဝင်သစ်များ ထုတ်လုပ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်သည်။ ငှက်ဖျားရောဂါ ဖြစ်ပွားသူများရှိသည်။တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှု ရောဂါဖြစ်ပွားသူ အနည်းငယ်ရှိသည်။တိရစ္ဆာန်ကူးစက်ရောဂါများ ဖြစ်ပွားလေ့ရှိသည်။ လူကုန်ကူးမှုနှင့်ပြည်တွင်းပဋိပက္ခဖြစ်ပွားမှု မရှိပါ။ ရေလမ်းခရီးသာ သွားလာနိုင်ခြင်းကြောင့် ဝေးလံခေါင်သီ / လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု မြင့်သည်။

## (င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ လူငယ်များသည် မူးယစ်ဆေးဝါးအန္တရာယ်အချိန်မရွေးကျရောက်နိုင်ခြင်းကြောင့် ထိခိုက်မှုလွယ်မှုမြင့်သည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ ဆင်းရဲသား တောင်သူများ နှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့်အိမ်ထောင်စုများ အသင့်အတင့်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် အရေးပေါ်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားလွယ်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

ကားမောင်းပြီးအသက်မွေးဝမ်းကြောင်းပြုသူများသည် ယာဉ်အန္တရာယ်အချိန်မရွေး ကျရောက်နိုင်သည်။ကျန်ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများမရှိပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ကြက်ခြေနီ | ၁☐ ၂☒ | ၈ | ၁၁ | ၁၉ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | ၃☐ | | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၂ | အရန်မီးသတ် | ၁☐ ၂☒<br>၃☐ | ၁၀ | - | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | ကောင်း☐<br>သင့် ☐<br>ညံ့ ☒ |
| ၃ | ရပ်မိရပ်ဖ | ၁☐ ၂☒<br>၃☐ | ၅ | - | ၅ | ပညာရေး ☒ ငွေကြေး ☐<br>ကျန်းမာရေး ☒ ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ပေါ်ခိန်/မယ်ခိန် | ၁☐ ၂☐<br>၃☒ | ၇၅ | ၇၅ | ၁၅၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၅ | အပျို/လူပျို | ၁☐ ၂☒<br>၃☐ | ၄၀ | ၈၀ | ၁၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
